# လိုက်နာရမည့်အချက်များ

၁။မျိုးအဖြစ် မျိုးသန့်စပါးမျိုးစေ့ သက်လတ်စပါးမျိုးကို တစ်ဧကလျှင် မျိုးစေ့ နို့ဆီဗူး(၁၀)ဗူးအသုံးပြုပါ။




၂။နွားချေးဆွေး/မြေဆွေး(၂)ဆနှင့် မြေ(၅)ဆ သမအောင် ရောစပ်ထားသောမြေအား သစ်သားဘောင်ပုံစံခွက် ထဲသို့ ညီညာစွာဖြည့်ပါ။ မျိုးစေ့ကြဲပက်ပြီး မြေဆွေး ခပ်ပါးပါး ဖုံးအုပ်၍ ရေပန်းကရားဖြင့် ရေလောင်းပေးပါ။



၃။ပျိုးသက် (၈-၁၂)ရက်သားအရွက်(၂-၃)ရွက်ထွက်ချိန် တစ်ပင်ချင်းစနစ်ဖြင့် ကောက်ပင်အနက်(၁)လက်မခန့် ထား၍ မြေလုံးမပျက် ပြောင်းရွှေ့စိုက်ပျိုးပါ။



၄။စိုက်ခင်းသမန်းမြေကို ညီညာစေပြီး ရေသွင်းရေထုတ် ကောင်းမွန်အောင်ဆောင်ရွက်ပါ။ စိမ့်မြောင်းပတ်မြောင်း များပြုလုပ်ထားပါ။



၅။သစ်စိမ်းမြေဩဇာရနိုင်သည့် ပဲမျိုးရင်းဝင် အပင်များ စိုက်ပျိုးခြင်း(သို့) တစ်ဧကအတွက် သဘာဝမြေဩဇာ အဖြစ် သမန်းပြင်ချိန်တွင် နွားချေးဆွေး (၃-၄)တန် အသုံးပြုပါ။ လိုအပ်ပါက တစ်ဧကလျှင် ပုလဲမြေဩဇာ (၁/၂) အိတ်နှုန်းကို မှို့မကပ်မီချိန်နှင့် ပိုတက်မြေဩဇာ (၁/၄)အိတ်နှုန်းကို အလံရွက်ထွက်ချိန် ထည့်သွင်းပါ။






၆။ပင်ကြား၊ တန်းကြား(၁၀"×၁၀") ပတ်လည်ထား၍ (၁၂)တန်းလျှင် (၁၅)လက်မခြား (၁)တန်းလှပ်စိုက်ပါ။ (မျိုးစေ့ထုတ် စိုက်ပျိုးပါက (၆)တန်း(၁)တန်းလှပ်စိုက်ပါ။) ရေသွင်းရေ ခမ်းစနစ်ကိုအသုံးပြုပါ။



၇။ရွှေ့ပြောင်းစိုက်ပြီး (၁၀) ရက်သား၊ (၂၀) ရက်သားနှင့် (၃၀)ရက်သားတွင် ပေါင်းလိုက်သမန်းနှိုးပါ။ ပေါင်းလိုက် သမန်းနှိုးကိရိယာဖြင့် သမန်းမနှိုးမီ (၁)ရက်အလိုတွင် ရေသွင်းပေးပါ။



၈။လိုအပ်ပါက သဘာဝနည်းဖြင့် ဖော်စပ်ထားသော ပိုးသတ်ဆေးများကိုအသုံးပြုပါ။




၉။စပါးမရိတ်သိမ်းမီ (၂)ပတ်အလိုတွင် ရေထုတ် ပေးပါ။



၁၀။လေလွင့်ဆုံးရှုံးမှုနည်းစေရန်ရိတ်သိမ်းချွေလှေ့စက်အသုံးပြုပါ ။



## ရှောင်ကြဉ်ရမည့်အချက်များ

၁။ မျိုးသန့်မျိုးပွားမျိုးစေ့(သို့)စီးပွားဖြစ်မျိုးသန့်မျိုးစေ့များကို တစ်ကြောလျှင် မျိုးစေ့ နှံ့ဆီဖူး(၁၀)ဖူး ထက်ပို၍မသုံးရ။



၂။ရေဝပ်နိုင်သည့်နေရာများတွင်ပျိုးထောင်ခြင်းမပြုရ။



၃။ပျိုးသက်(၁၅)ရက်ကျော်သောပျိုးပင်များကိုအသုံးမပြုရ။



၄။ဓာတုပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးများ နှင့် ဓါတ်မြေဩဇာများကို လွန်ကဲစွာ အသုံးမပြုရ။



၅။စိုက်ခင်းအတွင်း ရေမပြတ် လွှမ်းထားခြင်းမပြုရ။ သွင်းရေသည်စိုက်ခင်းမြေမျက်နှာပြင်မှ (၁-၁.၅)လက်မ ထက် မပိုရပါ။




**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**စိုက်ပျိုးရေးဦးစီးဌာန**

**စပါးသီးနှံဌာနခွဲ**


# ပျိုးသက်နုကောက်ကွက်ကြဲစိုက်ပျိုးနည်းစနစ်တွင် စပါးစိုက်တောင်သူများ

## လိုက်နာရမည့်အချက်များနှင့်

## ရှောင်ကြဉ်ရမည့်အချက်များ




ဆက်သွယ်ရန်

- စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) ၊ နေပြည်တော်
  ဖုန်း ၀၆၇-၄၁၀၀၀၇၊ ဖက်စ် ၀၆၇-၄၁၀၁၃၈
- စပါးသီးနှံဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်
  ဖုန်း ၀၆၇-၄၁၀၀၇၀၊ ဖက်စ် ၀၆၇-၄၁၀၃၈၆



စပါးသီးနှံဌာနခွဲ မှ ဖြန့်ဝေသည်။